**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ကျန်းမာရေးဝန်ကြီးဌာန**

**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**

စာအမှတ်၊ အစဆ/(ဆဝ) ၂၀၁၅/ ၁၅၂

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ( ၁၆ )ရက်။

သို့

ဥက္ကဌ

မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းကုန်သည်ကြီးများနှင့်လုပ်ငန်းရှင်များအသင်း

အကြောင်းအရာ။ **ဆေးဝါးမှတ်ပုံတင်စိစစ်ခပေးသွင်းခြင်းကိစ္စ။**

၁။ အထက်ပါအကြောင်းအရာနှင့် ပတ်သက်၍ ဆေးဝါးမှတ်ပုံတင်လျှောက်ထားရန် စိစစ်ခကို သတ်မှတ်ပုံစံတွင်ဆေးဝါးများဖြင့် တင်ပြလျှောက်ထားလာပါကအစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ စိစစ်၍ အဆိုပါဆေးဝါးများအတွက် စိစစ်ခပေးသွင်းနိုင်ရန် ငွေသွင်းစာကို ထုတ်ပေးခြင်း၊ အဆိုပါငွေသွင်းစာဖြင့် ဘဏ်သို့ငွေပေးသွင်းကြောင်း အထောက်အထားဖြင့် တင်ပြလာပါက ပေးသွင်းသည့် ဆေးအမည်များကို စနစ်တကျမှတ်တမ်းတင်ခြင်း ဆောင်ရွက်ရပါသည်။

၂။ သို့သော်လည်းကုမ္ပဏီများမှ စိစစ်ခပေးသွင်းပြီးသော ဆေးဝါးများတွင် မှတ်ပုံတင်ရန် အဆင်သင့်မရှိသေးသော ဆေးဝါးများရှိပါက အခြားဆေးဝါးများနှင့် ပြန်လည်လဲလှယ်အစားထိုးရန် တင်ပြမှုများရှိလာပါသည်။ သို့ပါ၍ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် စိစစ်ခပေးသွင်းပြီးသည့် ဆေးဝါးစာရင်းများနှင့်ပတ်သက်၍ မှတ်တမ်းတင်ရာတွင် နှောင့်နှေးမှုများရှိလာပါသဖြင့် အဆိုပါစိစစ်ခအစားထိုးခြင်းကို ၂၀၁၅ ခုနှစ်၊ မတ်လမှစ၍ ပြောင်းလဲအစားထိုးခြင်း ဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အသိပေးအကြောင်းကြားပါသည်။

စာဝင်

အမှတ်စဉ် ..................

ရက်စွဲ 17 FEB 2015

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)

( ဒေါက်တာသိဂီဇင်၊ ညွှန်ကြားရေးမှူး )

D:/ DFDA-2/ 2015-Tin/ Tin-Reply-2015